# လူသစ်အဖြစ် အသင်းတော်အတွက် ခရစ်တော်သည် အလုံးစုံဖြစ်ခြင်းနှင့် အလုံးစုံ၌ရှိတော်မူခြင်း

Message Two

## အတွင်းကျကျဖြစ်သော ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ ယော၊၁း၁၄။ ၁၄း၁၆-၁၇၊ ၂၀။ ၁၅း၄-၅။ ဂလ၊၁း၁၅-၁၆။ ၂း၂၀။ ၄း၁၉။
ကော၊၁း၂၇။ ဧ၊၃း၁၇ခ။ ကော၊၁း၉၊ ၁၂။ ၃း၄၊ ၁၀-၁၁

**I. ကျမ်းစာရှိ သမ္မာတရားများအားလုံးသည် သွင်ပြင်နှစ်ခု - အပြင်ပိုင်းကျသောသွင်ပြင်နှင့် အတွင်းကျကျသွင်ပြင် ဟူ၍ ရှိသည်။**

A. အပြင်ပိုင်းကျသောသွင်ပြင်သည် အခြေ ဖြစ်သည်။

B. အရာအားလုံးပါဝင်သောခရစ်တော်သည် ကျွန်ုပ်တို့ထံသို့ အပြင်ပိုင်းကျခြင်းထက် ပို၍ အတွင်းပိုင်းကျပါသည်။

**II. အတွင်းကျကျဖြစ်သော ခရစ်တော်အကြောင်း အဓိကကျမ်းပိုဒ်အချို့မှာ -**

A. "နှုတ်ကပတ်တော်သည်လည်း အသွေးအသားဖြစ်လာ၍၊ ကျေးဇူးတော်နှင့်လည်းကောင်း၊ စစ်မှန်ခြင်းနှင့်လည်းကောင်း ပြည့်စုံလျက် ငါတို့အလယ်တွင် တဲတော်အဖြစ် တည်နေတော်မူ၏ (ခမည်းတော်မှ တစ်ပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ)" - ယော၊၁း၁၄။

B. "ငါသည် ခမည်းတော်ကို တောင်း၍၊ ခမည်းတော်သည် အခြားသော နှစ်သိမ့်ပေးသူကို သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှာ သင်တို့အား ပေးတော်မူမည်။ စစ်မှန်ခြင်း၏ ဝိညာဉ်တော် ... သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော် မူသောကြောင့် သင်တို့သိရကြ၏" - ၁၄း၁၆-၁၇။

C. "ငါသည် ခမည်းတော်၌ ရှိသည်ကိုလည်းကောင်း၊ သင်တို့သည် ငါ၌ ရှိသည်ကိုလည်းကောင်း၊ ငါသည် သင်တို့၌ရှိသည်ကို လည်းကောင်း၊ ထိုနေ့၌ သင်တို့သည် သိရကြလိမ့်မည်" - ၁၄း၂၀။

D. "ငါ၌ တည်နေကြလော့။ ငါသည်လည်း သင်တို့၌ တည်နေမည်။ ... ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များ ဖြစ်ကြ၏။ အကြင်သူသည် ငါ၌ တည်၍ ငါသည်လည်း သူ၌ တည်၏..." - ၁၅း၄-၅။

E. "သို့သော်လည်း ... ဘုရားသခင်ကို နှစ်သက်စေသည့် ... သားတော်ကို ငါ၌ ဖွင့်ပြတော်မူသောအခါ..." - ဂလ၊၁း၁၅-၁၆။

F. "... ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏ ... " - ၂း၂၀။

G. "ခရစ်တော်သည် သင်တို့အထဲ၌ ပုံသဏ္ဍာန်ပေါ်လာသည့်တိုင်အောင် သင်တို့အဖို့ တစ်ဖန် သားဖွားခြင်းဝေဒနာကို ငါခံရသော ငါ့ချစ်သားတို့" - ၄း၁၉။

H. "တစ်ပါးအမျိုးသားတို့တွင် ဤနက်နဲခြင်း၏ဘုန်းကြွယ်ဝခြင်းများကား အဘယ်အရာဖြစ်သည်ကိုသိစေခြင်းငှာ ဘုရားသခင် အလိုရှိတော်မူ၏။ ထိုအရာကား၊ ဘုန်းမျှော်လင့်ခြင်း တည်းဟူသော သင်တို့၌ တည်တော်မူသော ခရစ်တော်ပေတည်း" - ကော၊၁း၂၇။

I. "ယုံကြည်ခြင်းအားဖြင့် သင်တို့၏စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏အိမ်တော်ဆောက်လုပ်မည့်အကြောင်း" - ဧ၊၃း၁၇။

**III. ဘုရားသခင်၏အလိုတော်မှာ အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်သည် ကျွန်ုပ်တို့၏ဝေစုဖြစ်လာရန်ဖြစ်သည် - ကော၊၁း၉၊ ၁၂။**

A. ကောလောသဲ ၁း၉ တွင် ဘုရားသခင်၏အလိုတော်မှာ ခရစ်တော်ကို ရည်ညွှန်းသည်။ ဘုရားသခင်၏အလိုတော်သည် ကျွန်ုပ်တို့က အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်ကို သိကျွမ်းခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် အသက်ရှင်ခြင်းနှင့်ဆက်နွှယ်ရာ၌ အလွန်ကြွယ်ဝလှသည်။

B. ဘုရားသခင်၏အလိုတော်မှာ ကျွန်ုပ်တို့က ခရစ်တော်ကို သိကျွမ်းရန်၊ ခရစ်တော်ကို တွေ့ကြုံခံစားရန်၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်၊ ခရစ်တော်ဖြင့် ပျော်ဝင်ပြည့်ဝရန်၊ ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်နှင့်ပုဂ္ဂိုလ်ဖြစ်လာရန်ပင် ဖြစ်

သည် - ၃း၄။

C. ကောလောသဲ ၁း၁၂ ရှိ ခွဲဝေထားသော ဝေစုမှာ အမွေခွဲဝေပေးခြင်းကို ရည်ညွှန်းပြီး၊ ကောင်းသောမြေ ခါနန်ပြည်အား အစ္စရေးအမျိုးသားတို့ကို သူတို့၏အမွေအဖြစ် ခွဲဝေပေးခြင်းအားဖြင့် ပုံဖော်ပြသထားသကဲ့သို့ဖြစ်သည် - ယောရှု၊၁၄း၁။ ညွှန်း၊ က၊၁၃း၁၄-၁၅၊ ၁၇။ ၁ရာ၊၄း၉-၁၀။

D. ဓမ္မသစ်ယုံကြည်သူများ၏ ခွဲဝေထားသောဝေစုမှာ ရုပ်ပိုင်းဆိုင်ရာမြေမဟုတ်ပါ၊ ယင်းသည် အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်ပင် ဖြစ်သည် - ကော၊၂း၆-၇။ ဂလ၊၃း၁၄။ ၅း၁၆။ ရော၊၈း၄။

1. ကောင်းသောမြေ၏ကြွယ်ဝခြင်းများက ကိုယ်တော်၏ဝိညာဉ်တော်၌ ယုံကြည်သူများထံ ပေါများကြွယ်ဝသော မစမှုအဖြစ် မတူညီသော သွင်ပြင်များ၌ ခရစ်တော်၏ စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများကို ပုံဆောင်သည် - တရား၊ ၈း၇-၁၀။ ဧ၊၃း၈။ ဖိ၊၁း၁၉။

2. မြေ၏ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ခရစ်တော်၌ရှိသော ယုံကြည်သူများသည် ဘုရားသခင်၏အိမ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်အဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် တည်ဆောက်ခံရကြသည် - ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။ ၁တိ၊၃း၁၅။ မ၊၁၆း၁၈-၁၉။ ရော၊၁၄း၁၇။

## IV. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည် ကျွန်ုပ်တို့၏ဘုန်းမျှော်လင့်ရာအဖြစ် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည် - ကော၊၁း၂၇။

A. ကျွန်ုပ်တို့သည် ကောင်းကင်များ၌ ပလ္လင်ပေါ်ထိုင်နေသော ခရစ်တော်ကို ကိုးကွယ်ကြသည်၊ သို့သော် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိန်းဝပ်နေသော ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ခြင်းနှင့် ယူဆောင်စားသုံးခြင်း ရှိကြသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ အလွန် အတွင်းကျကျနည်းလမ်း၌ တစ်လုံးတစ်ဝဖြစ်ကြသည် - ၃း၁။ ၁း၂၇။ ၁ကော၊၆း၁၇။

B. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော ခရစ်တော်သည် သေးငယ်သော၊ အကန့်အသတ်ရှိသော ခရစ်တော်မဟုတ်ပါ၊ သို့သော် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်ဖြစ်သည် - ကော၊၁း၁၅-၁၆၊ ၁၈-၁၉။

## V. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်သည် - ကော၊၃း၄။

A. ကျွန်ုပ်တို့၏အသက်ဟူသော ဖော်ပြချက်မှာ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သောခရစ်တော် တည်းဟူသော အပေါင်းလက္ခဏာအရာမှန်သမျှ၏ စစ်မှန်ခြင်းဖြစ်သောအရှင်ကို တွေ့ကြုံခံစားရခြင်းဖြစ်ကြောင်း အခိုင်အမာ ရည်ညွှန်းခြင်းဖြစ်သည် - ၂း၁၆-၁၇။

B. ကျယ်ပြန့်လှသော ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်လာသည်၊ စကြဝဠာဆိုင်ရာ၌ ကိုယ်တော်သည် ကျယ်ပြန့်လှသည်၊ သို့သော် ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းဖြစ်သည်။

C. ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်သောကြောင့် ကိုယ်တော်၌ရှိသမျှ၊ ကိုယ်တော်ရရှိခဲ့သမျှနှင့် ရယူပိုင်ဆိုင်ခဲ့သမျှ အားလုံးတို့သည် ကျွန်ုပ်တို့ထံ အတွင်းကျကျအရာ ဖြစ်လာခဲ့သည် - ရော၊၈း၃၄၊ ၁၀။

## VI. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်သည် လူသစ်တစ်ဦး၏ တုနှိုင်းရာမဲ့ စေ့စပ်ထုံးဖွဲ့မှုဖြစ်သည် - ကော၊ ၃း၁၀-၁၁။

A. လူသစ်ဖြစ်သော အသင်းတော်၏ ပါဝင်သည့်အရာမှာ ခရစ်တော်တစ်ပါးတည်းသာဖြစ်သည်။ လူသစ်၌ ခရစ်တော်အတွက်သာ အခန်းရှိသည်၊ အကြောင်းမှာ ကိုယ်တော်သည် အယောက်စီတိုင်းဖြစ်၍၊ အယောက်စီတိုင်း၌ ရှိတော်မူသောကြောင့်ဖြစ်သည်။

B. လူသစ်ဖြစ်သော အသင်းတော်၌ ကျွန်ုပ်တို့သည် ခရစ်တော်၌၊ ခရစ်တော်မှတစ်ဆင့်၊ ခရစ်တော်ထံသို့ ရှိကြကာ၊ ကျွန်ုပ်တို့သည် ခရစ်တော်၌ ဘုရားသခင်၏ထင်ရှားခြင်းဖြစ်ရန် ခရစ်တော်၌ အတူတကွရှင်သန်တည်ရှိနေကြသည်-ဒ:၁၆-၁၇။

C. ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ အဆုံးစွန်သော ပန်းတိုင်မှာ အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ထားသည့် လူသစ်ကို ရရှိရန်ဖြစ်သည် - ဧ၊၂:၁၅။ ၄:၂၄။ ကော၊၃:၁၀-၁၁။

**VII. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်လာသည့်တိုင်အောင် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်နှင့်အတူ ဖြည့်သွင်းခြင်း၊ ပျော်ဝင်ပြည့်ဝခြင်း၊ စိမ့်ဝင်ပျံ့နှံ့ခြင်းခံရန် လိုအပ်သည် - ၁:၂၇။ ၂:၁၆-၁၇။ ၃:၄၊ ၁၀-၁၁။**

A. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်သည် ကျွန်ုပ်တို့၌ ရှိသည်၊ သို့သော် ကျွန်ုပ်တို့သည် ကိုယ်တော်ကို မြင်ရန်၊ ကိုယ်တော်ကို သိကျွမ်းရန်၊ ကိုယ်တော်နှင့် ပြည့်ဝရန်၊ ကိုယ်တော်နှင့် ပျော်ဝင်ပြည့်ဝခြင်းရှိရန်၊ ကိုယ်တော်နှင့် အကြွင်းမဲ့ တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်နေသည်။

B. ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်ကို ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးအား ဖြည့်ပေးရန်၊ မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုကို အစားထိုးစေရန် အခွင့်ပေးသင့်ပါသည် - ဧ၊၃:၁၇က။ ကော၊၃:၁၀-၁၁။

1. ခရစ်တော်သည် မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့၏ဇာတိအသက်နှင့် ရိုးရာယဉ်ကျေးမှုကို အစားထိုးလေလေ၊ ကျွန်ုပ်တို့သည် "အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်သည်"ဟု ကြွေးကြော်ရန် တတ်နိုင်လေလေဖြစ်လိမ့်မည်။ ကျွန်ုပ်တို့အဖို့ အသက်ရှင်ရန်မှာ ကျွန်ုပ်တို့ကို အပြည့်အဝပိုင်ဆိုင်သော၊ ကျွန်ုပ်တို့ကို သိမ်းပိုက်လွှမ်းမိုးသော၊ မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့ကို ဖြည့်ပေးသော ခရစ်တော်ပင် ဖြစ်လိမ့်မည်ဖြစ်သည် - ဖိ၊၁:၂၁က။

2. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်လှသော ခရစ်တော်သည် မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့၏ဇာတိအသက်နှင့် ရိုးရာယဉ်ကျေးမှု၏ ဒြပ်သဘာဝမှန်သမျှကို အစားထိုးပေးလိုသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအဖြစ် လူသစ်တစ်ဦးဖြစ်နိုင်မည်ဖြစ်သည်။

*© Living Stream Ministry*